## ၁၉၉၂ ခုနှစ် အကောက်ခွန်နှုန်းဥပဒေ

## The Tariff Law, 1992

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့**

**ဥပဒေအမှတ် ၂/၉၂)**

**၁၃၅၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်**

**(၁၉၉၂ ခုနှစ်၊ မတ်လ ၁၂ ရက်)**

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည်**
**အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

### အခန်း(၁)

### အမည်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်

ပုဒ်မ ၁။ ဤဥပဒေကို အကောက်ခွန်နှုန်းဥပဒေဟု ခေါ်တွင် စေရမည်။

ပုဒ်မ ၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များ သည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်-

(က) အကောက်ခွန်ဆိုသည်မှာ မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့် သို့မဟုတ် မြန်မာနိုင်ငံ သို့ ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ပေးဆောင်ရမည့်အခွန်ကိုဆိုသည်။

(ခ) အကောက်ခွန်တန်ဖိုး ဆိုသည်မှာ ဤဥပဒေအရ အကောက်ခွန် စည်းကြပ်ထိုက်သည့် ကုန်ပစ္စည်း၏ အကောက်ခွန်ဆိုင်ရာ တန်ဖိုးသတ် မှတ်ချက်ကို ဆိုသည်။

## The State Law and Order Restoration Council

## The Tariff Law

(The State Law and Order Restoration Council Law No. 2/92)

The 9th Waxing day of Tabaung, 1353 M.E

(12th March, 1992)

The State Law and Order Restoration Council hereby enacts the following law;

### Chapter I

### Title and Definition

1. This law shall be called the Tariff Law.

2. The following expressions contained in this Law shall have the meanings given here under;-

(a) **Customs- Duties** means the duties to be paid in respect of goods exported from Myanmar or goods imported into Myanmar;

(b) **Tariff Value** means determination of value of tariff of goods on which customs- duties are assessable under this law;

(ဂ) အကောက်ခွန်နှုန်း ဆိုသည်မှာ ဤဥပဒေအရ အကောက်ခွန်စည်းကြပ် ထိုက်သည့် ကုန်ပစ္စည်း၏ အကောက်ခွန်ဆိုင်ရာ တန်ဖိုးအပေါ်တွင် ကောက်ခံရန် သတ်မှတ်ထားသော ရာနှုန်းကိုဆိုသည်။ ထို့ပြင် ယင်း စကားရပ်တွင် ဤဥပဒေအရ အကောက်ခွန် စည်းကြပ်ထိုက်သည့် ကုန်ပစ္စည်း၏ အရေအတွက်၊ အလေးချိန် သို့မဟုတ် အတိုင်းအတွာ ပေါ်တွင် ကောက်ခံရန် သတ်မှတ်သည့်နှုန်းလည်း ပါဝင်သည်။

(ဃ) ဝန်ကြီးဆိုသည်မှာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ကိုဆို သည်။

## အခန်း(၂)

## အကောက်ခွန်နှုန်းသတ်မှတ်ခြင်း

ပုဒ်မ ၃။ ကုန်းကြောင်းဖြင့်ဖြစ်စေ၊ ရေကြောင်းဖြင့်ဖြစ်စေ၊ လေကြောင်းဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် မြန်မာနိုင်ငံသို့ ပြည်ပမှ တင်သွင်းသည့် ကုန် ပစ္စည်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍-

(က) အကောက်ခွန်စည်းကြပ်ထိုက်သည့် ကုန်ပစ္စည်း အမျိုးအမည်များနှင့် အမျိုးအစားများကို သတ်မှတ်နိုင်သည်။ ထို့ပြင် ကုန်ပစ္စည်းတစ်ခုခုကို အကောက်ခွန်စည်းကြပ်ထိုက်သည့် စာရင်းမှ ပယ်ဖျက်ခြင်း၊ ဖြည့်စွက် ခြင်းလည်း ပြုနိုင်သည်။

(c) **Tariff** means the percentage determined to be levied on the value of tariff of goods on which customs-duties are assessable under this Law. In addition, this expression also includes the rate determined to be levied on the quantity, weight or measurement of goods on which customs-duties are assessable under this Law;

(d) **Minister** means the Minister of the Ministry of Planning and Finance.

## Chapter II

## Determination of Tariff

3. The Minister may, by notification in respect of goods exported from Myanmar of goods imported into Myanmar by Land, sea or air-

(a) determine the nature and type of goods on which customs-duties are assessable and also cancel or insert any goods in the list of goods on which customs-duties are assessable;

(ခ) ပုဒ်မခွဲ(က)အရ သတ်မှတ်ရာတွင် ကုန်ပစ္စည်းတစ်ခုချင်း၏ အရည်အသွေးကို ခွဲခြားသတ်မှတ်နိုင်သည်။ ယင်းအရည်အသွေး သတ်မှတ်ချက်နှင့် စပ်လျဉ်း၍ အဆင့်လျှော့ချခြင်း၊ အဆင့်တိုးမြှင့်ခြင်း ပြုလုပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က) နှင့် ၉(ခ) အရ အကောက်ခွန်စည်းကြပ်ထိုက်သည့် ကုန်ပစ္စည်းများ အပေါ် အကောက်ခွန်တန်ဖိုးကိုသတ်မှတ်နိုင်သည်။ ယင်းသို့ သတ်မှတ်သည့် အကောက်ခွန်တန်ဖိုးကို လျှော့ချခြင်း၊ တိုးမြှင့်ခြင်း ပြုနိုင်သည်။

(ဃ) အကောက်ခွန်တန်ဖိုးအပေါ် အခြေပြု၍ အကောက်ခွန်နှုန်းကို သတ်မှတ်နိုင်သည်။ ယင်းသို့ သတ်မှတ်သည့် အကောက်ခွန်နှုန်း ကို လျှော့ချခြင်း၊ တိုးမြှင့်ခြင်း ပြုနိုင်သည်။

ပုဒ်မ ၄။ ဝန်ကြီးသည် ပုဒ်မ ၃ ပုဒ်မခွဲ(ဃ) အရ အကောက်ခွန်နှုန်း သတ်မှတ်ရာတွင် နယ်စပ်ဒေသမှ ပြည်ပသို့တင်ပို့သည့်၊ ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သီးခြားလျော့ပေါ့သော နှုန်းထားဖြင့် အကောက်ခွန်နှုန်း သတ်မှတ်နိုင်သည်။ ယင်းသို့ သတ်မှတ်သည့် အကောက်ခွန်နှုန်းကို လျှော့ချခြင်း၊ တိုးမြှင့်ခြင်း ပြု နိုင်သည်။

(b) classify the quality of each goods in determining under sub-section (a) and lower or raise the grade in such classification of quality;

(c) determine the tariff value on goods on which customs-duties are assessable under sub-section (a) and (b) and reduce or enhance the tariff value so determined;

(d) determined the tariff based upon the tariff value and reduce or enhance the tariff so determined;

4. The Minister may , in determining the tariff under section 3, sub-section (d) determine, by notification tariff at a special reduced rate in respect of goods exported or imported by the border areas and may reduce on enhance the tariff so determined.

## အခန်း(၃)

## အကောက်ခွန်စည်းကြပ်ကောက်ခံခြင်း

ပုဒ်မ ၅။ ပုဒ်မ ၃ နှင့် ပုဒ်မ ၄ အရ အကောက်ခွန် စည်းကြပ်ထိုက်သည့် ကုန်ပစ္စည်းများကို အမျိုးအစားနှင့် အရည်အသွေးအလိုက် သတ်မှတ်ထားသည့် အကောက်ခွန်တန်ဖိုး၏ အကောက်ခွန်နှုန်းအတိုင်း အကောက်ခွန်ဦးစီးဌာနက စည်းကြပ်ကောက်ခံရမည်။

ပုဒ်မ ၆။ (က) မြန်မာနိုင်ငံ၏ အကောက်ခွန်ဆိပ် တစ်ခုခုတွင် ဥပဒေနှင့်အညီ အပြည့်အဝ ကောက်ခံခြင်းပြုလုပ်ပြီးသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အခြားအကောက်ခွန်ဆိပ်တစ်ခုခုမှ ထပ်မံ၍ အကောက်ခွန်စည်းကြပ်ကောက်ခံခြင်း မရှိစေရ။

(ခ) ပုဒ်မခွဲ (က) အရ အကောက်ခွန် စည်းကြပ်ကောက်ခံခြင်းပြုရာတွင် လျော့နည်းစည်းကြပ် ကောက်ခံထားကြောင်း စိစစ်တွေ့ရှိရပါမူ ပေးဆောင်ရန်ကျန်ရှိသော စည်းကြပ်ကောက်ခံရန် ရှိသည်ထက်ပိုပြီး စည်းကြပ်ကောက်ခံထားကြောင်း တွေ့ရှိလျှင်လည်း ပိုမိုစည်းကြပ် ကောက်ခံထားသည့် အကောက်ခွန်ကို သက်ဆိုင်သူသို့ ပြန်လည်ထုတ်ပေးရမည်။

## Chapter III

## Assessment and Levy of Customs-duties

5. The Customs Department shall make an assessment and levy according to the tariff of the tariff value determined type wise and quality wise of goods on which customs- duties are assessable under section 3 or section 4.

6. (a) No assessment and levy of customs-duties shall be made again at any other customs-port in Myanmar in respect of goods on which customs-duties have already been fully levied in accordance with this law at any customs-port in Myanmar.

(b) In making an assessment and levy of customs-duties under sub-section (a), where it is found, on scrutiny that customs-duties have been short- levied, there shall be the right to re-assess and levy the deficiency of customs-duties from the person concerned. If it is also found that assessment and levy has been made in excess of the amount due, the customs-duties levied in excess shall be refunded to the person concerned.

## အခန်း(၄)
## ကင်းလွတ်ခွင့်ပြုခြင်း

ပုဒ်မ ၇။ နိုင်ငံတော် အကျိုးငှာ အောက်ပါကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဝန်ကြီးသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အကောက်ခွန်ကောက်ခံခြင်းမှ တစ်စိတ်တစ်ဒေသဖြစ်စေ၊ လုံးဝဖြစ်စေကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့် သို့မဟုတ် မြန်မာနိုင်ငံသို့ ပြည်ပမှ တင်သွင်းသည့် ကုန်ပစ္စည်းအမျိုးအမည်နှင့် အမျိုးအစား၊

(ခ) အစိုးရဌာနတစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့် သို့မဟုတ် မြန်မာနိုင်ငံသို့ ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းအမျိုးအမည်နှင့် အမျိုးအစား။

## Chapter IV
## Exemption

7. In the interest of the State, The Minister may, by notification exempt partially or wholly from levy of customs-duties in respect of any of the following cases:-

(a) nature and type of goods exported from Myanmar or imported into Myanmar;

(b) nature and type of goods exported from Myanmar or imported into Myanmar by any Government department or any organization.

## အခန်း(၅)

## အစိုးရအဖွဲ့သို့တင်ပြအစီရင်ခံခြင်း

ပုဒ်မ ၈။ ဝန်ကြီးသည် ပုဒ်မ ၃ နှင့် ပုဒ်မ ၄ အရ ဆောင်ရွက်ချက်များကို အစိုးရအဖွဲ့သို့ ဆောလျင်စွာ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

ပုဒ်မ ၉။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ လိုအပ်သလိုဆက်လက် ဆောင်ရွက်ရမည်။

## အခန်း(၆)

## အယူခံခြင်း

ပုဒ်မ ၁၀။ ပုဒ်မ ၅၊ ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၁၂ အရ အကောက်ခွန်ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံ နိုင်သည်။

ပုဒ်မ ၁၁။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## Chapter V

## Submitting and Reporting to the Government

8. The Minister shall submit promptly to the Government measures taken under section 3 and section 4 and obtain approval of there.

9. The Minister shall proceed as necessary in accordance with the decision of the Government.

## Chapter VI

## Appeal

10. If dissatisfied with and order decision passed by the Director General of the Customs Department under section 5, section 6 or section 12, an appeal may be filed with the Minister within 30 days of the receipt of such order or decision.

11. The decision of the Minister shall be final and conclusive.

## အခန်း(၇)

## အထွေထွေ

ပုဒ်မ ၁၂။ ကုန်ပစ္စည်းတစ်ခုခုသည် မည်သည့်နိုင်ငံမှ ထုတ်လုပ်သည့် သို့မဟုတ် ပြုလုပ် သည့် ကုန်ပစ္စည်းဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ခွင့်ရှိသည်။

ပုဒ်မ ၁၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည်-

(က) လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

ပုဒ်မ ၁၄။ ၁၉၅၃ ခုနှစ် အကောက်တော်အခွန်နှုန်း အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) စောမောင်
ဗိုလ်ချုပ်မှူးကြီး
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## Chapter VII

## Miscellaneous

12. The Director General of the Customs Department has the right to determine the country of production or country of origin of any goods.

13. For the purpose of carrying out the provisions of this Law, the Ministry of Planning and Finance may;-

(a) with the approval of the Government issue such rules and procedures as may be necessary;

(b) issue such orders and directives as may be necessary.

14. The Tariff Act, 1953 is hereby repealed.

(Sd.) Saw Maung
Senior General
Chairman
The State Law and Order Restoration Council